# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 5, 2019 Volume 20, Number 3


၅.၆.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၂၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၂၈၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၃/ကျပ် |
| CBM Rate | = ၁၅၂၆.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၁.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၈.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၉၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၅၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၇၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | =၄၈.၇၀၃ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းဈေးကွက်၌ ပဲမျိုးစုံတန်ချိန် သုံးသိန်းခန့်ကျန်ရှိနေ

ပြည်တွင်းဈေးကွက်၌ ပဲမျိုးစုံတန်ချိန် သုံးသိန်းခန့်လက်ကျန်ကျန်ရှိနေကြောင်း ပဲကုန်သည်များထံမှ သတင်းရရှိသည်။ လက်ရှိတွင် ပဲတီစိမ်း လက်ကျန်တန်ချိန် တစ်သောင်းခွဲခန့်၊ ပဲစင်းငုံတန်ချိန် ရှစ်သောင်းခန့်နှင့် မတ်ပဲတန်ချိန် နှစ်သိန်းခန့်၊ စုစုပေါင်းတန်ချိန် သုံးသိန်းခန့်ကျန်ရှိနေခြင်းဖြစ်သည်။ လက်ရှိပဲဈေးနှုန်း အခြေ



အနေအရကောင်းတဲ့ဘက်ကို ရောက်နေတယ်။ မတ်ပဲနဲ့ ပဲစင်းငုံဈေး ဆိုရင် တစ်တန်ကို ကျပ်နှစ်သောင်းကနေ ငါးသောင်းလောက်အထိ ဈေးတက်လာတယ်။အညာဒေသထွက်ပဲတီစိမ်း (ရွှေဂါ) ဆိုရင်လည်း တစ်တန်ကို ၁၃ သိန်း ဂန်းကျင်လောက်အထိ ဖြစ်လာတယ်။ ပဲတီစိမ်းက တစ်ခြားနိုင်ငံတွေ အဝယ်ရှိတာဖြစ်လို့စိတ်မပူရဘူး။ အိန္ဒိယဘက်ကို ဖွင့်လကစပြီးတော့ ကိုတာစနစ်နဲ့ရော တင်ပို့ခွင့်လည်းရထားတယ်။ ဒါပေမယ့် တန်ချိန်ဘယ်လောက်ရတယ်၊ ဘယ်ကုမ္ပဏီတွေရတယ်စတဲ့ အချက်အလက် အပြည့်အစုံတော့မသိရသေးဘူး။ ဒါကိုသိရပြီဆိုတာနဲ့ ပဲဈေးကွက်ဟာ အခုထက်ပိုပြီး ဈေးတက်လာမှာဖြစ်ပါတယ်။ အခုနှစ် အိန္ဒိယမှာ ပဲစင်းငုံလိုအပ်ချက်များမယ်။ ဒါကြောင့် ကျွန်တော်တို့ဆီကပဲ ဝယ်ယူရမှာဖြစ်တယ်ဟု ရန်ကုန်၊ ဘုရင့်နောင်ရှိ "ဂင်း" ပွဲရုံပိုင်ရှင် ဦးရဲမြင့်က ပြောသည်။

လက်ရှိ ရန်ကုန်ပဲဈေးကွက်အတွင်း အိန္ဒိယသို့ ကိုတာစနစ်ဖြင့် တင်ပို့ခွင့်ပြုထားသည့် သတင်းကြောင့် ဈေးကွက်လှုပ်ခတ်မှုရှိလာကာ ပဲတီစိမ်း တစ်တန်လျှင် ၁၃ သိန်းကျပ်မှ ၁၄ သိန်းကြား၊ မတ်ပဲတစ်တန်လျှင် ၈၅၀,၀၀၀ ကျပ်၊ ပဲစင်းငုံ (အဟောင်း) တစ်တန်လျှင် ၉၀၀,၀၀၀ ကျပ်နှင့် အသစ်တစ်တန်လျှင် ဆယ်သိန်းကျပ် နီးကျင်အထိ ပေါက်ဈေးရှိနေသည်။ အိန္ဒိယ ဘက်ကို ပဲတီစိမ်းနဲ့မတ်ပဲ တန်ချိန် တစ်သိန်းခွဲစီ၊ ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ စုစုပေါင်းတန်ချိန်ငါးသိန်း တင်ပို့ခွင့်ရရှိထားတာဆိုတော့ ဒီပမာဏဟာ အရင်နှစ်က အတိုင်းပဲရရှိခဲ့တာဖြစ်တယ်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းက အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံမူဝါဒ အပြောင်းအလဲကြောင့် တောင်သူများအပေါ် ထိခိုက်မှုရှိလာသဖြင့် ဈေးနှုန်းများ ထိန်းညှိဝယ်ယူပေးခြင်း၊ ပဲမျိုးစုံစတင်ထွက်ပေါ်ချိန် ထုတ်လုပ်မှုကုန်ကျစရိတ် အောက်မကျဆင်းစေရေး ရေတို၊ ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ယင်းအပြင် ရေရှည်လုပ်ငန်းစဉ်များတွင် ပြည်ပဈေးကွက်ရှာဖွေခြင်း၊ ပဲများကိုခွဲခြမ်းပြုလုပ်၍ တင်ပို့နိုင်ရန် ပဲခွဲစက်များကို ပံ့ပိုးကူညီပေးခြင်း၊

ဈေးကွက်ခိုင်မာစေရန် အစိုးရချင်း ချိတ်ဆက်ဆောက်ရွက်မှုစနစ်ဖြင့်တင်ပို့ခြင်း၊ ပြည်ပဈေးကွက်အသစ်များရှာဖွေခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ဒေသများတွင် သိုလှောင်ရုံများတည်ထောင်ကာ သီးနှံအာမခံစနစ်မျိုးထားရှိခြင်း၊ အစားထိုးသီးနှံများအတွက် မျိုးကောင်း၊ မျိုးသန့်များအား တစ်နိုင်ငံလုံးဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် မြန်မာ့ပဲစင်းငုံတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းကို အိန္ဒိယမှဂယ်ယူနေခြင်းဖြစ်ပြီး မတ်ပဲနှင့်ပဲတီစိမ်းကို နိုင်ငံပေါင်း ၃၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်းသိရသည်။ ယခု ၂၀၁၉ ခုနှစ် (ဇန်နဝါရီ ၁ ရက်မှ မေလ ၁၁ရက်) အထိ ပြည်ပသို့ ပဲမျိုးစုံ တန်ချိန် နှစ်သိန်းခန့် တင်ပို့ထားပြီး ပြီးခဲ့သည့် ၂၀၁၇- ၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁၃ သိန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၈၈၀ ခန့်ရရှိခဲ့ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8082

## ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အာမခံချက်ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အာမခံချက်ရှိသည့်နိုင်ငံဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကပြောကြားသည်။ ချက်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယမန်နေ့တွင် ပရက်ဂ်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ချက်စီးပွားရေးလုပ်ငန်းများနှင့်တွေ့ဆုံစဉ် ယင်းသို့တိုက်တွန်း ပြောကြားခဲ့ကြောင်း အဆိုပါစီးပွားရေးဖိုရမ်တက်ရောက်ခဲ့သူ ဦးလင်းသန့်ကပြောသည်။ ဒီနေ့ပွဲကတော့ ဒေါ်အောင်ဆန်း စုကြည်ရဲ့ ချက်နိုင်ငံခရီးစဉ်မှာ အောင်မြင်ခြင်းသင်္ကေတအဖြစ် ထင်ထင်ရှားရှားတွေ့ရတဲ့ပွဲလို့ပြောရမှာပါဟု ၎င်းက ဆိုသည်။

အဆိုပါ စီးပွားရေးဖိုရမ် (Business Forum) သို့ ချက်ဝန်ကြီးချုပ် အန်ဒရီးဘားဘီးစ်လည်းတက်ရောက်၍ မိန့်ခွန်း ပြောကြားခဲ့ပြီး မြန်မာပြည်တွင် ချက်စီးပွားရေးလုပ်ငန်းများတိုးချဲ့၍ ရင်းနှီးမြှုပ်နှံမည့်အကြောင်း ထည့်သွင်းပြောကြားခဲ့ သည်ဟု ချက်နိုင်ငံတွင်နေထိုင်သူ ဦးလင်းသန့်ကပြောသည်။ ယင်းစီးပွားရေးဖိုရမ်သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင် ၂၀ ဦး၊ ချက်စီးပွားရေးလုပ်ငန်းရှင် ၅၀ ကျော်၊ လေ့လာသူ ၅၀ ကျော် တက်ရောက်ခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ချက်နိုင်ငံခြားရေး ဝန်ကြီးနှင့်အတူ ချက်နိုင်ငံဆိုင်ရာ မြန်မာသံရုံးဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတအိမ်တော်၌ သမ္မတမီလော့စ်ဇီးမန်းနှင့် တွေ့ဆုံခဲ့သည်။ ချက်သမ္မတနှင့်တွေ့ဆုံပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် ဟန်ဂေရီနိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ချက်နိုင်ငံ လေးရက်ကြာခရီးစဉ်အတွင်း ဝန်ကြီးချုပ်အန်ဒရီးဘားဘီးစ်နှင့် ဇွန်လ ၃ ရက်တွင် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်ဆွေးနွေးခဲ့သည်။ ဝန်ကြီးချုပ်နှင့်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံမှုတွင် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ လူသားချင်းစာနာမှု၊ ချက်နိုင်ငံကပေးအပ်မည့် ဖွံ့ဖြိုးရေး အကူအညီများ (သို့မဟုတ်) လူ့အခွင့်အရေးကိစ္စရပ်များကိုဆွေးနွေးခဲ့သည်။

ထို့အပြင် ချက်ဝန်ကြီးချုပ် အန်ဒရီးဘားဘီးစ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် ဒေါ်အောင်ဆန်း စုကြည်က ကြီးမားသည့်အခန်းကဏ္ဍမှပါဝင်ခဲ့ကြောင်းနှင့် တံခါးပိတ်ဝါဒနှစ်ပေါင်းများစွာ ကျင့်သုံးပြီးနောက် ပြန်လည် လမ်းပွင့်လာပြီဖြစ်ကြောင်း ချီးကျူးပြောကြားသည်။ ကျွန်တော်တို့ရဲ့စီးပွားရေးဆက်ဆွယ်မှုတွေနဲ့ပတ်သက်ပြီး အလားအလာ ကောင်းတွေ မြင်တွေ့နေရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရှည်ကြာလွန်းတဲ့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေတွေ ပြန်ကြည့်ရင် ၁၉၇၀-၈၀ ကျော်ကာလတွေကတည်း က ချက်ကုမ္ပဏီတွေက မြန်မာနိုင်ငံမှာ ဘီယာချက်စက်ရုံနဲ့ သကြား စက်ရုံတွေကို တည်ထောင်နိုင်ခဲ့ပါတယ်။ မြန်မာဟာ ကျွန်တော်တို့ရဲ့စီးပွားရေးကုမ္ပဏီတွေ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း တွေကိုကြိုဆိုနေပါတယ်။ ဒါကလည်း ကျွန်တော်တို့နဲ့မြန်မာအကြား နီးနီးကပ်ကပ်ထိတွေ့မှုတွေ ပိုဖြစ်ပေါ်လာ လိမ့်မယ်လို့လည်း ကျွန်တော်ယုံကြည်ပါတယ်ဟု ဝန်ကြီးချုပ် အန်ဒရီးဘားဘီးစ်ကပြောသည်။

**Source:** http://www.7daydaily.com/story/157745

## ထိုင်းနိုင်ငံသည် တစ်ကမ္ဘာလုံး လက်ဖက်တင်ပို့မှု စတုတ္ထအများဆုံးနိုင်ငံဖြစ်လာ



ထိုင်းနိုင်ငံသည် ကနေဒါ၊ အမေရိကန်နှင့်တရုတ်နိုင်ငံပြီးနောက် တစ်ကမ္ဘာလုံးလက်ဖက်တင်ပို့မှု စတုတ္ထအများဆုံးနိုင်ငံ ဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်၏ လွယ်ကူအဆင်ပြေမှုဖြင့် အာဆီယံနှင့် တရုတ်နိုင်ငံစသည့်နိုင်ငံများဖြင့် လက်ဖက်ကုန်သွယ်မှု အပြန်အလှန်ဆက်သွယ်ရေးကို ရရှိခဲ့ပါသည်။ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အရ ထိုင်းနိုင်ငံက အာဆီယံနိုင်ငံ အများအပြားဖြင့် လက်ဖက်တင်သွင်းမှု အခွန်ကို ဖျက်သိမ်းလိုက်ပြီး မြန်မာနိုင်ငံမှ တင်သွင်းသော လက်ဖက်သာလျှင် အခွန် ၅% ပေးဆောင်ရကြောင်း သိရပါသည်။ တရုတ်နိုင်ငံမှ တင်သွင်းသော လက်ဖက်အများစုအပေါ် ဆက်လက် အခွန်ကောက်ခံသွားမည်ဖြစ်သည်။ ထိုင်း-တရုတ်နှစ်နိုင်ငံ လက်ဖက်တင်ပို့မှု သဘောတူညီချက်အရ ခွဲတမ်း (၆၂၅)တန် အနက် တင်သွင်းခွန် ၃၀% ကောက်ခံသွားမည်ဖြစ်ပြီး ခွဲတမ်းထက်ကျော် လွန်ပါကတင်သွင်းခွန် ၉၀% ထပ်တိုး ကောက်ခံ သွားမည်ဖြစ်ကြောင်းသိရပါသည်။

**Source:** www.chinatradenews.com.cn

https://www.facebook.com/shweliayarnews/

## အာရှဒေသတွင်းစက်ရုံတွေရဲ့ လုပ်ငန်းလုပ်ဆောင်မှုအရှိန်လျော့ကျ၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုဖြစ်မည်ကိုစိုးရိမ်

ပြီးခဲ့တဲ့လက အာရှနိုင်ငံအများစုမှာ စက်ရုံတွေရဲ့လုပ်ငန်း လုပ်ဆောင်လှုပ်ရှားဆောင်ရွက်မှုအခြေအနေတွေဟာ ကျုံ့ဝင် လျော့ကျမှုတွေဖြစ်ပေါ်ခဲ့ကြောင်းသိရပါတယ်။ လက်ရှိမှာအရှိန်ပိုမြင့်လာတဲ့ အမေရိကန်-တရုတ်ကုန်သွယ်ရေး စစ်ကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျဘက် ဆိုက်ရောက်မှုဖြစ်ပေါ်လာမှာကို စိုးရိမ်ပူပန်မှုတွေ ပိုတိုးထားစေလျက် ရှိပါတယ်။ ဒါ့အပြင် ယင်းအာရှဒေသတွင်းက မူဝါဒချမှတ်သူတွေကိုလည်း စီးပွားရေးတက်ကြွအောင်လှုံ့ဆော်နိုင်မယ့် အစီအစဉ်တွေ ချမှတ်ဖို့ကိုလည်း ဖိအားတွေပိုတိုးစေခဲ့တယ်လို့သိရပါတယ်။ ယခုကုန်သွယ်ရေးစစ်အတွင်း မြင့်မားတဲ့ ကုန်သွယ်ခွန်တွေ ချမှတ်နေမှုက ကမ္ဘာ့ကုန်သွယ်မှုအပေါ်မှာ ထိခိုက်မှုတွေဖြစ်စေလျက်ရှိချိန် လာမယ့်လတွေမှာ စီးပွားရေး တိုးတက်မှု အညွှန်းကိန်းတွေဟာလည်း ထပ်မံဆိုးရွားလာဖွယ်ရှိနေတယ်လို့သိရပါတယ်။

ဒါ့အပြင် ယခုအခြေအနေတွေအရ အလုပ်အကိုင်တွေ ဆုံးရှုံးတာ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ဆုံးဖြတ်ချက်တွေကို နှောင့်နှေး ကြန့်ကြာစေတာတို့ကိုပါဖြစ်စေဖို့ ဦးတည်ပေးနေတယ်လို့သိရပါတယ်။ ဖွန်လကုန်ပိုင်းမှာ အမေရိကန်သမ္မတ Donald Trump နဲ့ တရုတ်သမ္မတ Xi Jinping တို့ မျက်နှာချင်းဆိုင် တွေ့ဆုံသွားဖွယ်ရှိနေတဲ့ ဂျပန်နိုင်ငံ Osaka မြို့က G20 ညီလာခံမှာသာ လက်ရှိကုန်သွယ်ရေး တင်းမာမှုတွေကိုပြေလျော့အောင်မလုပ်နိုင်ဘူးဆိုရင် ကမ္ဘာ့စီးပွားရေးကျဆင်းမှုနဲ့ ကြုံတွေ့ရလိမ့်မယ်လို့ စီးပွားရေးပညာရှင်တစ်ချို့က ခန့်မှန်းနေကြပါတယ်။

**Source:** SFJ Strategy First Journal

https://www.facebook.com/SFJWeekly/posts/2456737334413544?__tn__=K-R

## တရုတ်နယ်စပ်စီးပွားရေးဇုန်များ စီမံကိန်းမူကြမ်း ယခုလအတွင်းအတည်ပြုရန်ရှိ



မူဆယ်အပါအဝင် တရုတ်နယ်စပ်မြို့ ၃ ခုတွင် စီးပွားရေးဇုန်များ တည်ဆောက်ရေးအတွက် စီမံကိန်းကနဦးလျာထားချက် မူကြမ်းအား ယခုလအတွင်း အတည်ပြုရန်ရှိကြောင်းသိရသည်။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန (စီးပွား/ ကူးသန်း) လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဒီလထဲအစည်းအဝေးလုပ်ဖို့ရှိတယ်။ အဲဒီမှာ အသေးစိတ် ဆွေးနွေးပြီး စီမံကိန်းကနဦးလျာထားချက် (Concept Plan) မူကြမ်းကို အတည်ပြုပြီးရင် ပြည်တွင်းကုမ္ပဏီတွေကို ကနဦးစိတ်ဝင်စားမှု လျှောက်လွှာ (EOI) ခေါ်ဖို့ ရှိတယ်ဟု ရေဝတီကိုပြောသည်။ တရုတ်-မြန်မာ နယ်စပ်စီးပွားရေးဇုန်များ အကောင်အထည်ဖော်ရေးအတွက် ဗဟိုကော်မတီ

တရပ်ဖွဲ့စည်းထားပြီး စီးပွား/ကူးသန်း ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူကာ စီးပွားရေးဇုန်နှင့်ဆက်စပ်သည့် တာဝန်ရှိဌာနများမှ ပြည်ထောင်စုအဆင့်အရာရှိကြီးများလည်း ပါဝင်သည်ဟုသိရသည်။ ယခုလအတွင်း နေပြည်တော်၌ ကျင်းပမည့် ဗဟိုကော်မတီ၌ စီမံကိန်းကနဦးလျာထားချက် မူကြမ်းကိုတင်ပြကာ အတည်ပြုချက်ရယူပြီးနောက် စီးပွားရေးဇုန်များအား တည်ဆောက်လိုသည့် ပြည်တွင်းကုမ္ပဏီများကို EOI ခေါ်ယူသွားမည်ဖြစ်ကာ ၎င်းတို့တင်ပြလာသည့် အဆိုပြုလွှာများအားအခြေခံကာ အသေးစိတ်စီမံချက် ထပ်မံရေးဆွဲသွားမည်ဟုလည်းဆိုသည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ အစိတ်အပိုင်းတခုဖြစ်သည့် နှစ်နိုင်ငံနယ်နိမိတ်ထိစပ်နေသောနေရာများတွင် နယ်စပ်စီးပွားရေးဇုန်များ တည်ဆောက်ရေးအတွက်၂၀၁၇ ခုနှစ်ကတည်းက နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်ဟုသိရသည်။ ထို့အတူ ဧပြီလက နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်ပြည်ခရီးစဉ်တွင် အထက်ပါကိစ္စနှင့်ဆက်စပ်၍ ရှမ်းနှင့်ကချင်ပြည်နယ်တို့တွင် နယ်စပ်စီးပွားရေးဇုန် ၃ ခု တည်ဆောက်ရန်အတွက် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ ယင်းနားလည်မှုစာချွန်လွှာအရ ရှမ်းပြည်နယ်မှမူဆယ်နှင့်ချင်းရွှေဟော်၊ ကချင်ပြည်နယ်မှ ကန်ပိုက်တီးတို့တွင် နယ်စပ်စီးပွားရေးဇုန်များ တည်ဆောက်သွားရန်လျာထားကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနကဆိုသည်။ အထက်ပါသဘောတူညီချက်များနောက် တရုတ်နိုင်ငံဘက်အခြမ်းတွင် နယ်စပ်စီးပွားရေးဇုန်များ တည်ဆောက်ရေးအတွက်ပြင်ဆင်ခြင်းများ၊ ၂၁ ရာစု ပိုးလမ်းမစီမံကိန်း ဈေးဝှေများနှင့် တရုတ်လုပ်ငန်းရှင်အများစုက နယ်စပ်ဧရိယာများ အထူးသဖြင့် မြန်မာနိုင်ငံနှင့်ထိစပ်နေသော ယူနန်ပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံများ စတင်တည်ဆောက်မှုများရှိလာပြီ ဟု မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးစိုင်းနွံက ဧရာဝတီကိုပြောသည်။ ကျနော်တို့ဘက်မှာကြိုပြင်ဖို့ နေနေသာသာ နေရာတောင် ဘယ်မှာလုပ်မယ်မှန်း အခုထိမသိရသေးဘူး။ အစိုးရဘက်က အစီအစဉ်ကိုသိမှ ကုန်သည်ဆိုတာ ကြိုပြင်လို့ရမှာလေ။ အခုကျတော့ ရေရေရာရာ မသိရသေးတဲ့အပြင် တဖက်က ကြိုတင်ပြင်ဆင်မှုတွေနဲ့ အရင်းအနှီးရော အင်အားပါကြီးတဲ့အတွက် ကျနော်တို့ဘက်ကျ အမြဲနောက်ကောက်ကျနေသလို ဖြစ်နေတယ်ဟုလည်း ၎င်းကဆိုသည်။

တဖက်နိုင်ငံက ကြိုတင်ပြင်ဆင်မှုများရှိသော်လည်း မြန်မာဘက်တွင် အစိုးရ၏ပေါ်လစီနှင့်ပတ်သက်သောသတင်း အချက်အလက်မသိရသေးခြင်း၊ အခြေခံ အဆောက်အအုံပိုင်း၊ ငွေကြေး အရင်းအနှီးနှင့် နည်းပညာ အားနည်းခြင်း တို့ ကြောင့် မိမိနိုင်ငံအတွင်း လာရောက်လုပ်ကိုင်သူများက အကျိုးစီးပွားအသာရသွားမည်ကို ဒေသခံကုန်သည်အများစု စိုးရိမ်နေကြကြောင်းသိရသည်။ မူဆယ်ဒေသခံ ကုန်သည်ဦးထွန်းထွန်းဦးက နောက်ဆုံးကျအကျိုးအမြတ်အတွက် အချင်းချင်းပေါင်းမလား၊ တခြားသူ (တရုတ်) နဲ့ပေါင်းမလား ဒီနည်းလမ်းကိုပဲ စဉ်းစားရမှာပဲ။ ကိုယ့်အချင်းချင်း ညီညီညွတ်ညွတ်နဲ့ လုပ်နိုင်မယ်ဆိုရင် ကျနော် တို့ မြန်မာတွေလည်း မညံ့ပါဘူးဟု ဧရာဝတီကိုပြောသည်။ လက်ရှိတွင် အဆိုပါနယ်မြေများ၌ နယ်မြေ ငြိမ်းချမ်းရေးနှင့် အခြေခံ အဆောက်အအုံ အားနည်းမှုများရှိနေသည်ဟုလည်း စီးပွား/ကူးသန်းမှ ဦးခင်မောင်လွင်က ဆိုသည်။ တရုတ်နဲ့ယှဉ်ရင် ကိုယ့်နိုင်ငံဘက်က အားနည်းချက်တွေရှိနေတော့ တချို့အပိုင်းတွေမှာ အင်တိုက်အားတိုက် လုပ်မရတာတွေလည်းရှိသလို နှစ်နိုင်ငံ သံတမန်နည်း အရ လုပ်ရမယ့် အရာတွေလည်း ရှိနေတယ်”ဟု ၎င်းက ပြောဆိုသည်။

အထက်ပါ ဒေသတို့တွင် အခြေခံ အဆောက်အအုံများ ဖြစ်သောလမ်း၊ လျှပ်စစ်စသည့်အပိုင်းတွင် ပြည့်စုံမှုမရှိခြင်း၊ သယံဇာတထွက်ရှိရာ ဒေသများ၊ တရားမဝင်နယ်စပ်ဖြတ်ကျော် ဧရိယာများနှင့် ဆက်စပ်နေခြင်း၊ ကချင်ပြည်နယ် ကန်ပိုက်တီး နယ်စပ်ဂိတ်သို့ သွားရာလမ်းတွင် ပြည်သူ့စစ်နှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များ အခြေစိုက် ရှိနေခြင်း စသည် တို့ကြောင့်လည်း ပါဝင်နေကြောင်း သိရသည်။

ထို့ပြင် မူဆယ် နယ်စပ်ဂိတ်သို့ လာရာလမ်းကြောင်းတွင်လည်း တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား မကြာခဏ တိုက်ပွဲများ ဖြစ်ပွားနေခြင်း၊ အဆိုပါနယ်စပ်ဂိတ်များ သွားရာလမ်း တလျှောက် တချို့သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆက်ကြေးတောင်းခံမှုများရှိနေခြင်း စသည့်ဒေသတွင်း မငြိမ်းချမ်းမှုများရှိနေသေးကြောင်း ဒေသခံများ က ပြောဆိုသည်။ နယ်စပ်ဖြတ်ကျော် စီးပွားရေး ဇုန်ဆိုသည်မှာ နှစ်နိုင်ငံနယ်နိမိတ်ထိစပ်နေသော မြို့နှစ်ခုကို ဇုန်တခုအဖြစ် သတ်မှတ်လိုက်ပြီး နယ်စည်းမခြားဘဲ နှစ်နိုင်ငံရှိ တရားဝင် သတ်မှတ်ထားသော ကုန်စည်များအား ရောင်းဝယ်ရေး၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးအပါအဝင် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည်တို့ကို နှစ်နို်ငင်ံပြည်သူများ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေးပြုလုပ်နိုင်မည့် စီးပွားရေးဇုန်ကြီးကို ခေါ်ဆိုခြင်း ဖြစ်သည်။

**Source:** https://burma.irrawaddy.com/business/2019/06/05/193647.html

## ဖိလစ်ပိုင်သို့ ပထမဆုံးအကြိမ် ဆန်တန်ချိန် ၁ သိန်းခွဲတင်ပို့

ဖိလစ်ပိုင်သို့ ပထမဆုံးအကြိမ် မြန်မာဆန်တန်ချိန် ၁ သိန်းခွဲတင်ပို့နိုင်ခဲ့ကြောင်း ပြည်ထောင်စုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်က ဧရာဝတီကို ပြောသည်။ ဦးခင်မောင်လွင်က

ဖိလစ်ပိုင်ကို ဒီနှစ်မှာစပြီး ဆန်တင်ပုနိုင်တယ်။ အကြမ်းဖျင်း တန် ၁ သိန်းခွဲလောက်အထိပို့နိုင်ခဲ့တယ်။ ဒါကလဲ ဈေးကွက်သစ် တခု ထွက်လာတဲ့သဘောပါပဲဟု ပြောသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဆန်စတင် တင်ပို့ခဲ့ရာ မြန်မာဆန် အရည်အသွေးကို ကြိုက်နှစ်သက်သည့် အနေအထားဖြစ်သဖြင့် ရေရှည်တင်ပို့နိုင်ရန် မျှော်မှန်းထား ကြောင်း ပြည်ထောင်စု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ပြီးခဲ့သောဘဏ္ဍာရေးနှစ်က ပြည်ပသို့ ဆန်တန်ချိန် ၃.၆ သန်း ကျော်တင်ပို့နိုင်ခဲ့ရာ ယခုနှစ်အတွင်း ၂ သန်းခန့်သာ တင်ပို့နိုင်ရန်မှန်းထားသဖြင့် ပြည်တွင်းတွင် ဆန်တန်ချိန် ၁ သန်းခွဲကျော်ခန့် ပိုလျှံလာနိုင်မည်ဖြစ်ပြီး နွေစပါး ပေါ်ချိန်ဖြစ်သဖြင့် စပါးဈေးအပေါ် သက်ရောက်မှုရှိလာမည်ဟု ဆန်ကုန်သည်များက ဧရာဝတီကို ပြောသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးစိုးကျော်က နွေစပါးတွေက ဈေးကွက်မှာ အရမ်းပေါ်နေပြီ။ ဒါကြောင့် စပါးဈေးကကျနေပြီ။ ဒီနှစ် ဆန်စပါးဈေးမကောင်းလို့ တောင်သူက မစိုက်ရင် ဘယ်လိုလုပ်မလဲ။ ပြည်တွင်းဈေးကွက်အပေါ် တနည်း မဟုတ်တနည်း ထိခိုက်လာနိုင်မယ်ဟု ဧရာဝတီကို ပြောသည်။

ထိုသို့ ပြည်ပတင်ပို့မှု ထက်ဝက်နီးပါးကျဆင်းရခြင်းသည် ဆန်တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဝယ်ယူနေသော တရုတ်နိုင်ငံက ပြီးခဲ့သည့်နှစ်ကုန်ပိုင်းမှအစပြု၍ မြန်မာဆန်ကို နယ်စပ်မှဝယ်ယူခြင်းကိုရပ်တန့်ခဲ့ခြင်းသည်က အဓိက အကြောင်းရင်းတစ်ခုဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ပြည်တွင်းတွင်တန်ချိန် သန်းခွဲကျော် ပိုလျှံလာမည့်ဆန်များအား ပြည်ပသို့ တင်ပို့နိုင်ရန် အတွက် ဒေသတွင်းအပါအဝင် ဥရောပ၊ အာဖရိကစသည့် နိုင်ငံများတွင် ဈေးကွက်ချဲ့ထွင်ခြင်းများ ဆက် တိုက် လုပ်ဆောင်နေကြောင်း ပြည်ထောင်စု စီး/ကူးဝန်ကြီးဌာနမှ လက်ထောက် အတွင်းဝန် ဦးခင်မောင် လွင်က ပြောသည်။ ဦးခင်မောင်လွင်က ဈေးကွက်သစ်တွေ မြန်မြန်ရအောင်လုပ်နေသလို အခုဖိလစ်ပိုင်နဲ့ ဆန်တင်ပို့မှု အဆင်ပြေလာတဲ့ အတွက် အာဆီယံမားကတ်ကို ပြန်အာရုံစိုက်နေတဲ့အနေအထားမှာရှိပါတယ်ဟု ပြောသည်။
ယခုနှစ်ပိုင်းအတွင်း မြန်မာ့ဆန်ကို ဖိလစ်ပိုင်၊ အာဖရိကတို့က ဝယ်လိုအားရှိလာသဖြင့် ထိုသို့ ဈေးကွက် အလားအလာ ရှိသည့်နိုင်ငံများနှင့် နှစ်နိုင်ငံ ဆန်ကုန်သွယ်မှုအတွက် G to G (Government to Government) တရားဝင်လက်မှတ် ရေးထိုးနိုင်ရန်အတွက် အစိုးရအနေဖြင့် ကြိုးစားပေးရန်လိုအပ်သည်ဟု လည်း ဆန်လုပ်ငန်းရှင်များက ပြောသည်။
ပြီးခဲ့သည့် ၂၀၁၇-၁၈ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်တန်ချိန် ၃.၅၈ သန်းတင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၁.၁. ဘီလျံကျော်ရရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ်အတွင်း တန်ချိန် ၂ သန်းခန့်သာတင်ပို့နိုင်မည်ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က ယခုနှစ်ဆန်းပိုင်းက ပြုလုပ်ခဲ့သော အသင်းနှစ်ပတ် လည်ညီလာခံတွင် ထုတ်ပြန်ထားသည်။

**Source: https://burma.irrawaddy.com/business/2019/06/05/193707.html**

## အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်၌ ဗီယက်နမ်က အမြတ်အထွက်ဆုံးနိုင်ငံဖြစ်လာ

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်တွင် အများဆုံးအကျိုးအမြတ်ထွက်သည့် ထိပ်ဆုံးနိုင်ငံများစာရင်းတွင် ဗီယက်နမ် က ရပ်တည်လျှက်ရှိကြောင်းသိရသည်။ တင်ပို့သူများအနေဖြင့် မြင့်မားသောအခွန်စည်းကြပ်ခြင်းမှ လွတ်ကင်းရန် ကုန်စည်များကို တခြားသောနိုင်ငံများသို့ ပြောင်းရွှေ့မှာယူလျှက်ရှိရာ တရုတ်၏အိမ်နီးချင်း ဗီယက်နမ်သည် ထိုအခွင့် အရေးအများဆုံးရရှိခဲ့ခြင်း ဖြစ်သည်။

ဗီယက်နမ်သည် ၂၀၁၉ ခုနှစ်၊ ပထမ ၃ လပတ်အတွင်း စုစုပေါင်းပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး(GDP) ၇ဒသမ၉ ရာခိုင်နှုန်းနှင့် တူညီသည့် အကျိုးအမြတ်ကို အခွန်စည်းကြပ်မှုမှ ရှောင်လွှဲသည့် ကုန်စည်မှာကြားမှုမှရရှိခဲ့ကြောင်း Nomura Holdings ၏ လေ့လာဆန်းစစ်ချက်အရသိရသည်။ အလားတူထိုင်ဝမ်သည် ဒုတိယမြောက် အမြတ်ထွက်သည့် နိုင်ငံဖြစ်ပြီး GDP၏ ၂ ဒသမ ၁ရာခိုင်နှုန်းနှင့် တူညီသည့်အကျိုးအမြတ်ရရှိသည်။ ယင်းနှစ်နိုင်ငံသည် အမေရိကန်အပေါ် တရုတ်ကကောက်ခံသည့်အခွန်ထက် တရုတ်အပေါ် အမေရိကန်က အခွန်စည်းကြပ်မှုတိုးမြှင့်ခြင်းမှ အကျိုးအမြတ် ပိုမိုရခြင်းဖြစ်ကြောင်းလည်းဆိုသည်။ Nomura Holdings တရားဝင်အခွန်စည်းကြပ်သည့် ကုန်စည်များ Code များနှင့် အလားတူကုန်စည်များ လစဉ်ကုန်သွယ်မှုအချက်အလက်များကိုနှိုင်းယှဉ်ကြည့်ခဲ့ရာ တရုတ်ကုန်စည်များ ဘက်တွင် အခွန် စုပေါင်းနှုန်းထားမှာ ဒေါ်လာ ၂၅၀ ဘီလီယံရှိနေပြီး အမေရိကန်ကုန်စည်များဘက်တွင်မူ ဒေါ်လာ ၁၁၀ ဘီလီယံမျှသာ ရှိနေကြောင်းတွေ့ရသည်။

တရုတ်အပေါ် အမေရိကန် အခွန်စည်းကြပ်မှုတွင် အဓိကအားဖြင့် အစားထိုးတင်ပို့ကုန်ဖြစ်သည့် အီလက်ထရောနစ် ကုန်စည်တင်ပို့မှုကို တိုးမြှင့်ခြင်းဖြစ်ပြီး ယင်းနောက်တွင်မှ ပရိဘောဂနှင့် ခရီးသွားလုပ်ငန်းသုံး ကုန်စည်များပါဝင်သည်။ အမေရိကန်အပေါ် တရုတ်အခွန်စည်းကြပ်ထားသည့် ပဲပိစပ်၊ လေယာဉ်၊ ဆန်/ပြောင်းနှင့် ဝါဂွမ်းအော်ဒါမှာကြားမှုများသည် အမေရိကန်မှ စီးပွားရေးတတိယအဖွဲ့အစည်းဖြစ်သော ချီလီနိုင်ငံနှင့်အာဂျင်တီးနားနိုင်ငံများသို့ လမ်းကြောင်းပြောင်းသွား

ရန် အလားအလာအများဆုံးဖြစ်နေသည်ဟု ခန့်မှန်းသည်။ တရုတ်၏ ဟွာဝေးနည်းပညာကုမ္ပဏီနှင့် ZTE ကော်ပိုရေးရှင်းတို့အပေါ် အမေရိကန် ကန့်သတ်မှုအပါအဝင် အမေရိကန်-တရုတ်နည်းပညာ အငြင်းပွားမှုအပေါ်အခြေခံ၍ Nomura Holdings သုတေသီများက အီလက်ထရောနစ်ရောင်းလိုအားကွင်းဆက်မှာ သိသိသာသာယိုယွင်းလာမည်ဟု အလားအလာရှိနေကြောင်း ရှုမြင်သုံးသပ်ကြသည်။ အမေရိကန်-တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်တွင် အိမ်နီးချင်းမြန်မာနိုင်ငံမှာ အခွင့်အလန်းရယူနိုင်မှုရှိမရှိကိုမူ စီးပွားရေးပညာရှင်များ၏ သုံးသပ်ချက်တွင်မတွေ့ရပေ။

**Source: Irrawaddy Burmese**

https://www.facebook.com/myanmaeconomic/

## မြန်မာ့ထောပတ်သီး တရုတ်သို့ တရားဝင်စတင်ပို့ခွင့်ရရှိထား

မြန်မာနိုင်ငံမှ ထောပတ်သီးများကို ထောပတ်သီးထွက်ရှိမယ့်ရာသီဖြစ်တဲ့ ဒီဇင်ဘာနဲ့ဇန်နဝါရီလလောက်မှာ တရုတ်နိုင်ငံကို တရားဝင်စတင်တင်ပို့ခွင့်ရရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူးဦးကျော်သူကပြောပါတယ်။ တရုတ်ပြည်ထဲသွားတော့ တရုတ်အစိုးရနဲ့တွေ့တဲ့အချိန်မှာ သူတို့က AQSIQ စာရင်းထဲမှာ ထောပတ်သီးပါလာတော့မယ်လို့ပြောလိုက်တာ။ အသီးတွေကို AQSIQ စာရင်းဝင်ဖို့တင်ထားတာတော့ကြာပြီ။ လာမယ့်ရာသီလောက် စပို့နိုင်မှာပါလို့ ၎င်းကပြောပါတယ်။



မြန်မာနိုင်ငံမှ သစ်သီးဝလံငါးမျိုးဖြစ်တဲ့ ထောပတ်သီး၊ ငှက်ပျောသီး၊ ဝဉ၊ ကျွဲကောသီးနဲ့ ဖာလာစေ့များ တရုတ်နိုင်ငံကို တရားဝင်တင်ပို့ရောင်းချနိုင်ဖို့အတွက် တရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေးနှင့် ကွပ်ကဲရေးဝန်ကြီးဌာန (AQSIQ) စာရင်းမှာပါဝင်နိုင်ဖို့ ၎င်းအသင်းက တရုတ်အစိုးရထံတင်ပြထားခြင်းဖြစ်ပါတယ်။ အဆိုပါတင်ပြထားတဲ့ သစ်သီးဝလံငါးမျိုးထဲကမှ ထောပတ်သီးကို တရားဝင်စတင်တင်ပို့နိုင်ခြင်းဖြစ်ပါတယ်။ အရင်က ထောပတ်သီးအချို့ကို တရုတ်နိုင်ငံဆီ နယ်စပ်မှတရားမဝင်တင်ပို့နေရခြင်းဖြစ်ပြီး အခုနစ်မှ တရားဝင်တင်ပို့ခွင့်ရရှိခြင်းဖြစ်ပါတယ်။ ထို့ပြင် ပြည်တွင်းမှာ ထောပတ်သီးစိုက်ပျိုးမှုများလာတဲ့အတွက် တရုတ်ကိုပိုမိုတင်ပို့နိုင်မယ်လို့ ထောပတ်သီးစိုက်တောင်သူများက သုံးသပ်ပြောကြားပါတယ်။

မြန်မာ့ထောပတ်သီးများကို တရုတ်နိုင်ငံသို့ တရားဝင်စတင်ပို့ခွင့်ရရှိပေမယ့်လည်း ထိုင်းနိုင်ငံကိုတော့ တရားဝင်တင်ပို့ခွင့်မရရှိသေးကြောင်း၊ စင်ကာပူနိုင်ငံကိုတော့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) လက်မှတ်နဲ့သာ တင်ပို့နိုင်ကြောင်း မြန်မာနိုင်ငံထောပတ်သီးအသင်းထံမှသိရပါတယ်။

**Source: The Voice**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2025-avocado.html

## STOCK EXCHANGE (5.6.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 1,295 | 14,892,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,200 | 8,068 | 26,114,100 | 38,929,150 | 126,520 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 1,210 | 9,559,000 | 10,400,986 | 82,168 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 255 | 5,865,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 90 | 265,500 | 12,212,906 | 36,028 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 449.28 | +0.00 | +0.00% | 449.28 | 449.28 | 447.85 | 10,918 | 56,696,100 | 5 | 613,370 |


### Index chart




## Market Overview

As of 11:00 am, 5th Jun. 2019

| MYANPIX | 447.85 ▼ 1.43 |
|---|---|
| Total Volume (shares) | 4,773 |
| Total Value (MMK) | 31 mil |
| Listed Company | 5 |
| Market Cap. (MMK) | 611,423 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲0 |
| MTSH | 00002 | 3,200 | ▼50 |
| MCB | 00003 | 7,900 | ▲0 |
| FPB | 00004 | 23,000 | ▲0 |
| TMH | 00005 | 2,950 | ▲0 |